
AUNG MYIN Publishing House



# အခန်း (၁)
## တစ်ထောင့်ကိုးရာ ငါးဆယ်ခုနှစ်
## (၁၉၅၀ ခုနှစ်)

သင်္ချိုင်းကုန်း ..။

ထိုခေတ် အချိန်အခါကပင် နှစ်ပေါင်း ငါးဆယ်တိတိ အသုံးပြုခဲ့ပြီး နေပြီ ဖြစ်သော ရှေးဟောင်း သင်္ချိုင်း ..။

တိတိကျကျ ဆိုရလေလျှင် အထက်တန်းလွှာ အင်္ဂလိပ်ကပြား လူမျိုး လူကုံထံ မိသားစု အသိုင်းအဝိုင်း တစ်ခုသာ သီးသန့် အသုံးပြုခဲ့သော သင်္ချိုင်း ..။ ခုတော့ ..

ပြုပြင် ပေးမည့်သူ မရှိ ..၊

ထိန်းသိမ်း မည့်သူ မရှိ ..။

တောပြိုင်းပြိုင်း ထလျက် ..။

ထိုသင်္ချိုင်းကုန်းနှင့် ဆက်စပ် သက်ဆိုင်ခဲ့သော အသိုင်းအဝိုင်း ဆွေမျိုးသားချင်း တို့ မှာ လည်း ဤမြေ ဤရေ၌ မရှိကြတော့ပြီ။

သို့သော် .. ထိုသင်္ချိုင်းကုန်း၏ လျှို့ဝှက်ချက် တစ်ခုအား သိရှိနေသော လူတစ်ယောက်တော့ သက်ရှိထင်ရှား ရှိနေသေးသည် ။

ထိုသူမှာ ..

တစ်ချိန်က ရောဘတ်ဘစိန် ဟူသော ကပြားလူမျိုး တစ်ဦး၏ အိမ်၌ အိမ်ထိန်းကြီး လုပ်ခဲ့သော ဦးလှမောင် ဆိုသူ၏ မြေးတော်စပ်သူ ..

အံ့မောင် ..။

နာမည်က စီးသလို လူကလည်း မိုက်သွေး အပြည့်ဖြင့် ..။

ခုလည်း အိမ်ထိန်းကြီး ဦးလှမောင်ထံမှ ထိုသင်္ချိုင်းကုန်းထဲက သင်္ချိုင်းဂူတစ်ခု၏ လျှို့ဝှက်ချက်ကို သိထားသူပီပီ .. အရက်ကိုးမောင်း သောက်ခဲ့လျက် မီးအိမ်တစ်လုံး၊ တူရွင်းတစ်လက်နှင့် တစ်ယောက်တည်း သင်္ချိုင်းမြေ နင်းခဲ့ပြီ။

သစ်ပင်၊ မြက်ရိုင်းတို့ ဖြင့် တောထနေသည် မှာ သင်္ချိုင်းသည် သင်္ချိုင်းနှင့်ပင် မတူတော့ ..။ သို့သော် .. ထိုနယ်မြေထဲ ဝင်လိုက်သည် နှင့် စိမ့်ခနဲ ကြက်သီးများ တဖြန်းဖြန်း ထစေသော .. သင်္ချိုင်း၏ အထိအတွေ့မျိုးကို ကျိန်းသေပေါက် ခံစားရစေသည် ။

နောက်တစ်ခုက .. အနံ့အသက် ..။

စိမ်းစို့စို့ .. သွေးညှီနံ့ ..။

အော်ဂလီ ဆန်ချင်စရာ လူသေအနံ့ကိုလည်း လေမလာပါဘဲ ရနေ စေသည် ။

မီးအိမ် ကိုင်စွဲထားသော အံ့မောင်၏ လက်ဖျံတစ်လျှောက် ကြက်သီး များ ပြည့်သီးလာသည် ။

သို့သော် .. အရက်ရှိန်ဖြင့် ရဲသွေးများ ဆူပွက်နေသော အံ့မောင်က တော့ ရှေ့ကို တိုးလျက် ..

တွေ့ပါပြီ ..။

သင်္ချိုင်းကုန်း အလယ်မှာ ဂူအဆောက်အဦး အဖြစ် လှပခမ်းနားစွာ ကမ္ဗည်းထိုး တည်ဆောက်ထားသော အဆောက်အဦးငယ် တစ်လုံး။

ထိုနေရာဆီ အံ့မောင် တဖြည်းဖြည်းချင်း ချဉ်းကပ်လိုက်သည် ။

သူ့မျက်နှာကို သုတ်ခနဲ လေအေးအေးကြီး ဖြတ်တိုက်သွား၏။ စိမ်းရွှေသော ညှီနံ့ကြီးကလည်း သူ့နှာခေါင်းဝမှာ ထောင်းခနဲ ..။

လည်ချောင်းတစ်လျှောက် ပျို့တက်သွားသည် ။

အံ့မောင် ကွမ်းတစ်ယာကို ပါးစောင်ထဲ ထိုးထည့်လိုက်လျက် သင်္ချိုင်းဂူ အိမ်ရှေ့ ထိုင်ချလိုက်သည် ။

မီးအိမ်ကို မြှောက်ကာ တစ်စုံတစ်ခုကို အသေအချာ ရှာသည် ။

တော်တော်နှင့် မတွေ့ ..။

အံ့မောင် မျက်မှောင်ကုတ်လျက် တံခါးထောင့်ချိုး တစ်လျှောက် လက်နှင့် ဖွဖွစမ်းကာ ရှာဖွေသည် ။

သိလိုက်ရသည် က .. အေးစက်သော အထိအတွေ့။

သံထည်ပစ္စည်း တစ်ခု၏ အေးစက်သော အထိအတွေ့။

သိမ့်ခနဲ ဝမ်းသာ သွားရသည် ။

မီးအိမ်ကို ချက်ချင်း ရှေ့တိုး ကြည့်လိုက်၏။

တွေ့ပါပြီ .. သော့ခလောက်ကြီး တစ်ခု။

သူ ဝမ်းသာအားရဖြင့် အလျင်အမြန် လှုပ်ရှားလိုက်သည် ။

သူ့မှာ အသင့်ပါလာသော ပစ္စည်းလေး တစ်ခုဖြင့် နှစ်ပေါင်းများ စွာ

ငြိမ်သက် အနားယူခဲ့သော သော့ခလောက်ကြီးကို လေ့ကျင့်ခန်း ဆင်း ပေးလိုက်သည် ။

သူ့ကျောပြင်၌ ချွေးများ အနည်းငယ် စို့လာခဲ့လျှင် ..

"ထပ်"ခနဲ မင်္ဂလာ ရှိလှသော အသံတစ်သံနှင့်အတူ .. သော့ခလောက်ကြီး ပွင့်သွားခဲ့ချေပြီ။

အရက်ခိုးများ ဝေနေသော အံ့မောင်၏ မျက်လုံးရဲရဲကြီးမှာ မီးရောင်အောက်၌ အစွမ်းကုန် ပြူးသွားလေတော့၏။

သော့ပွင့် သွားသည် နှင့် တစ်ပြိုင်နက် သံတံခါးကို ဆွဲဖွင့်ပြီး ဂူထဲသို့ မီးအိမ်ကို မြှောက်ကြည့် လိုက်သည် ။

အတော်အသင့် ကျယ်ဝန်းသော သင်္ချိုင်းဂူထဲ၌ အခေါင်း တစ်ခုတလေမှ ရှိမနေ ..။

'ဘယ့်နှယ် .. အုတ်ဂူထဲမှာ အခေါင်း ရှိမနေပါလိမ့်' ဟု အခြား တစ်ယောက်သာဆို ခုချိန် တွေးနေမှာ ဖြစ်ပေမဲ့ ..

အဘိုး ဦးလှမောင်ထံမှ ဤသင်္ချိုင်းဂူ အကြောင်း သိပြီးဖြစ်သည့် အံ့မောင်ကတော့ 'အဘိုး ပြောခဲ့တာ မှန် လိုက်လေစွ ..' ဟု တွေးမိကာဝမ်းအသာကြီး သာလျက် ရှိသည် ။

သင်္ချိုင်းဂူထဲသို့ သူ ဖြည်းညင်းစွာ ဝင်လိုက်၏။

အထဲရောက်တော့ ဖိနပ်မပါတဲ့ သူ့ခြေထောက်က ထူထဲသော သံပြားချပ်ကြီး တစ်ခုပေါ် ခြေစုံရပ်နေမိပြီမှန်း သိလိုက်ပြီ ..။

သူ သတိဝီရိယနှင့် ထိုင်ချကာ ဘေးတစ်လျှောက်ကို လက်ဖြင့် အသာ စမ်းကြည့် ရပြန်သည် ။

တွေ့ပြီ .. မောင်းတံ ခလုတ် တစ်ခု။

မောင်းတံ ခလုတ်ကို ကိုင်ထားသော အံ့မောင်၏ လက်ချောင်းများ တဆတ်ဆတ် တုန်လာသည် ။ ရင်ထဲ၌ လည်း ထို့အတူပင် .. ကတုန်က ယင်ကြီး ဖြစ်နေသည် ။ ဘာကြောင့်မှန်း သူ သေချာမသိ ..။

စင်စစ်မှာ အံ့မောင်ဆိုတာ အရက်ဝင်နေချိန်ဆို သရဲမပြောနှင့် သရဲ ဘိုးအေ သဘက်တောင် ကြောက်တတ်သူ မဟုတ်။ ညကြီးသန်းခေါင် သူ မဖြတ်ရဲသော သင်္ချိုင်းလည်း မရှိ။ သရဲ ခြောက်လှပါချေရဲ့ ဆိုသော ကုက္ကိုလ်ပင်ကြီး ဆီလည်း အရက်ပုလင်း တစ်ဖက်၊ လေးခွ တစ်လက် နှင့် တစ်ယောက်ထဲ သွားကာ သရဲကို စတင် စိန်ခေါ် အော်ဟစ် ဆဲဆိုတ တ်သူ။

ခုမှ မောင်းတံလေး ကိုင်ထားရတာကိုပဲ ဘာဖြစ်လို့ တုန်လှုပ် ချောက်ချား နေမိသည် မသိ။

သူ့စိတ်ကို တည်ငြိမ်အောင် ထိန်းလျက် မောင်းတံ ခလုတ်ကို အသက်အောင့်ပြီး ဖြည်းဖြည်းချင်း ဆွဲမလိုက်လျှင် ..

'ကျွီ .. ကျွီ ..'

သူ တက်ထိုင်ထားသော အောက်က သံပြားချပ်ကြီးမှာ တစ်စထက် တစ်စ နောက်သို့ ရွေ့သွားလေသည် ။

အံ့မောင် သူ့ကိုယ်သူ လေဟာနယ်ထဲမှာ ရွေ့နေသလို ခံစားနေရ၏။ မောင်းတံမှာ တစ်စထက် တစ်စ တစ်ဖက်သို့ နိမ့်ကျလာသလို သံပြား ချပ်ကြီးမှာ လည်း နောက်ကို ရွေ့ရွေ့နေသည် မှာ သုံးတောင်ခန့်ပင် ရှိ လာလေပြီ။

"ဂျလောက်" ခနဲ မြည်ဟည်းသံနဲ့ အတူ မောင်းတံအဆုံးထိ ကျသွား

ခဲ့ပြီး ရွှေနေသော သံပြားချပ်ကြီးမှာ လည်း ရုတ်ခြည်းပင် ရပ်တန့်သွား ခဲ့သည် ။

မြေအောက်ခန်း တံခါး ပွင့်သွားပြီ။

အံ့မောင် ထိုင်လျက်မှ ပင် သတိထားလျက် မီးအိမ် မြှောက်ကာ ကိုယ်ကို ရှေ့သို့ ငုံ့ကိုင်း ကြည့်လိုက်သည် ။

ရင်ထဲ ဟာခနဲ ဖြစ်သွား၏။

အောက်မှာ နက်ပိန်းမှောင်ပိတ် နေလေသည် ။

'ဟာ .. ချောက်ကြီးလား ..'

အံ့မောင် သံပြားချပ်ကြီးကို မြဲမြဲအောင် ဖိကပ် ကိုင်ထားလိုက် မိသည် ။ ဘယ်လောက် ချောက်ချားစရာ ကောင်းလိုက်သလဲ။

အပေါက်ကတော့ အခေါင်းတွေ အလွယ်တကူ အတင်အချ ပြုလုပ်နိုင်လောက်အောင် ကျယ်ဝန်းလေသည် ။ ထိုအပေါက် ဆီမှ နေ၍ နက်ပိန်းသော အမှောင်ထုကြီးထဲကို သူ ထပ်ခေါင်းငုံ့ မကြည့်ရဲတော့။

အံ့မောင်တစ်ယောက် ဘာဆက်လုပ်ရမှန်း မသိ ဇောချွေးများ ပြန်ကာ မွန်းကြပ် တုန်ယင်လို့ နေသည် ။

**"အဲဒါ သူတို့ ရဲ့ မိသားစုသင်္ချိုင်းပဲ၊ သူတို့ က မြေအောက် သင်္ချိုင်းပုံစံ ဆောက်ထားတာကွ၊ သေရင် မြေအောက်ခန်းထဲမှာ အလောင်းကို ပုံစံမပျက် အခေါင်းသွင်းပြီး ထားတယ်၊ သူတို့ တစ်ဦးချင်းစီရဲ့ အခေါင်းထဲမှာ သူတို့ ပိုင်ဆိုင်တဲ့ ရတနာတွေ ထည့်ပြီး ဂူသွင်းထားတယ်၊ တန်ဖိုး မဖြတ်နိုင်လောက်အောင် များ တယ်ဟေ့ .."**

တန်ဖိုးမဖြတ် နိုင်လောက်အောင် ..။

အဘိုး ဦးလှမောင်ရဲ့ အသံက အံ့မောင်ရဲ့ နားနား ကပ်ပြောလိုက်သလို ပြန်ကြားယောင် လာသည် ။

ကိုယ်ထဲရှိ လောဘသွေးများက အရက်ဓာတ်နှင့် အပြိုင် ဆူဝေ ထကြွလာပြန်သည် ။

ပြီးတော့ .. စိတ်အားတင်းကာ အမှောင်ထုထဲ မီးအိမ်ချ ကြည့်လိုက်သည် ။ အောက်မှာ သံလှေကား တစ်ခု။

ဒါဟာ မြေအောက်ထပ်ကို ဆင်းတဲ့ လှေကားပဲ ဖြစ်ရမည်။

အံ့မောင် ဘာမှ စဉ်းစားမနေတော့ဘဲ လှေကားကို ခပ်သွက်သွက် ဆင်းလိုက်သည် ။ အောက် ရောက်သွားသည် နှင့် သီးခြားကမ္ဘာ တစ်ခုဆီ ရောက်သွားသလို ခံစားလိုက်ရ၏။

အေးစက် ထိုင်းမှိုင်းသော လေထုကြီးထဲ ရောက်သွားရသလို တုန်လှုပ် ချောက်ချားခြင်း ဖြစ်လာသည် ။ ခြေထောက်ကြီးများ ထုံပိုင်း အေးခဲလာသလို ခံစားရသဖြင့် ငုံ့ကြည့်လိုက်တော့ ကွန်ကရစ်သားကို နင်းမိနေပြီမှန်း သိလိုက်ရသည် ။

လျှို့ဝှက် ဆန်းကြယ်သော မြေအောက်သင်္ချိုင်း ..။

ချောက်ချားဖွယ်ရာ မြေအောက်သင်္ချိုင်း ..။

စိတ်ကူး ကောင်းလှစွာ တည်ဆောက် ထားခဲ့သော လျှို့ဝှက်သင်္ချိုင်း . .။

တဖြည်းဖြည်းချင်း လျှောက်လာရင်းမှ နံရံဆီမှာ ခလုတ်တစ်ခုကို မီးရောင်ဖြင့် တွေ့လိုက်ရသည် ။

အံ့မောင် သတိဖြင့် မရဲတရဲ ဆွဲချလိုက်သည် ။

"ချောက်"

နံရံတစ်လျှောက်ရှိ မီးဆိုင်းများမှာ တစ်ပြိုင်နက် လင်းလာသည် ကို တွေ့လိုက်ရသည် ။

'အား .. ကောင်းလိုက်တဲ့ မီးဆိုင်းတွေ၊ အခုထိ မပျက်စီးသေးဘူးဘဲ'

သူ ခပ်တိုးတိုး ရေရွတ်မိရင်း နံရံကို လက်ဖြင့် စမ်းကာ အတွင်းပိုင်းသို့ ဖြည်းဖြည်း ဝင်ခဲ့သည် ။

မီးဆိုင်းများ ၏ အလင်းမှာ ဖျော့တော့လှသဖြင့် မီးအိမ်ကိုသာ အားထားနေရသည် ။

ခုထိတော့ ဘာမှ ထူးခြားမှု မရှိသေး။

အထဲသို့ ဝင်လာခဲ့ရင်းမှ ရုတ်တရက် ပိတ်ကာထားသော နံရံကြီးကို ဘွားခနဲ တွေ့လိုက်ရသည် ။

လမ်းဆုံးပြီ။

ခုထိတော့ အဘိုး ဦးလှမောင် ပြောပြခဲ့သော ရောဘတ် ဘစိန် အခေါင်း ထားရာ အခန်းကို မတွေ့ရသေး။

သူ မီးအိမ်ကို မြင့်မြင့်မြှောက်ကာ ဘေးဘီဝဲယာကို လှည့်ပတ် ကြည့်နေမိသည် ။

ရုတ်တရက် ..

သူ့ကို တစ်စုံတစ်ယောက်က စူးစူးရဲရဲကြီး စိုက်ကြည့်နေသလို ခံစားရသည် မို့ မီးအိမ်ကို မြင့်သထက် မြင့်အောင် မြှောက်ကာ မော့ကြည့်လိုက်သည် တွင် ..

***

"**အား ..**"

သူ သတိလက်လွှတ်ဖြင့် အာခေါင်ခြစ်ကာ အော်လိုက်မိသည် ။

သူ့မျက်လုံးထဲ စွဲထင်သွားသည် က သူ့ကို စူးစူးရဲရဲကြီး စိုက်ကြည့်နေသော မျက်လုံးပြူးကြီးနှင့် အပေါ်သို့ ထိုးထောင် ထွက်နေကာ အစွယ်ရဲရဲကြီး ..။

'အား ..'

သူ့အော်သံ အဆုံး၌ ..

'ဒုတ်' ခနဲ တစ်စုံတစ်ခု ပြုတ်ကျသံ ကြားလိုက်ရသည် ။

သူ ကပျာကယာ အောက်ငုံ့ကြည့်လိုက်၏။

မီးရောင်ကြောင့် ကြေးရောင် တလက်လက် ထနေသော ဘီလူးခေါင်းပြတ် အရုပ်ကြီး။

'ဟူး .. တော်ပါသေးရဲ့ .. ငါ့နှယ်'

သူ မျက်လုံး စုံမှိတ်လျက် လေပူများ မှုတ်ထုတ်လိုက်သည် ။

တုန်လှုပ်နေသော ရင်ကို လက်တစ်ဖက်ဖြင့် အသာဖိလျက် နံရံဆီ အမှတ်မထင် ပြန်ကြည့် လိုက်မိလျှင် ..

စာတန်းရှည် တစ်ခု။

သူ မီးအိမ်ကို ကပျာကယာ ကပ်ကြည့်လိုက်သည် ။

MR. ROBERT BA SEIN

မစ္စတာ ရောဘတ်ဘစိန် ..။

သူ ဝမ်းသာအားရ 'ဟား' ခနဲ အော်ကာ ထခုန်လိုက်မိသည် ။

တွေ့ပြီ ..။ အဘိုး ဦးလှမောင် ပြောခဲ့သော လျှို့ဝှက်သင်္ချိုင်းကို သူ ရှာတွေ့ခဲ့ပါပြီ။

ဒါ ရောဘတ်ဘစိန်ရဲ့ အခေါင်းထားရာ အခန်းပဲ ဖြစ်ရမည်။ အခန်းဆိုပေမဲ့ တံခါးချပ်မရှိ .. နံရံကြီး ပိတ်ကာထားတာ ဖြစ်သည် ။

မီးအိမ်ကို မြှောက်ရင်း နံရံကို သေချာစွာ စမ်းကြည့်သည် ။

တံခါးအဖြစ် အုတ်ချပ်ကြီးများကို သိပ်သည်းစွာ စီထားခြင်း ဖြစ်၏။ ဖွင့်လို့ ရနိုင်မယ့် ဆက်ရာရှိနိုင်မည့် နေရာကို လက်ချောင်းထိပ်များ နှင့် စမ်း၍ ရှာစဉ် ဖုထစ်၍ နေသော အထိအတွေ့ကို သိလိုက်ရသည် ။ ထိုနေရာကို အမြန်မှတ်သားကာ တူရွင်းဖြင့် ဆ၍ ဆ၍ ထိုးခွဲလိုက်သည် ။

'ဒုတ် .. ဒုတ် ..'

သိပ်အားမစိုက်လိုက်ရ။

တကျွီကျွီ မြည်သံနှင့်အတူ အုတ်ချပ်ပြားမှာ အတွင်းသို့ ကျွံ၍ ဝင်သွားသည် ။

သူ မီးအိမ်ကို ဘေးသို့ ချလိုက်ပြီး အုတ်ချပ်တွေကို လက်နှစ်ဖက်ဖြင့် မရင်း အောက်သို့ ချသည် ။

တစ်ချပ် .. နှစ်ချပ် .. သုံးချပ် ..

ရှစ်ချပ်ခန့် ချပြီးလျှင် လူတစ်ကိုယ်စာ ကောင်းစွာ ဝင်ထွက်နိုင်ပြီ ဖြစ်သည် ။

သူ မျက်လုံးကို စုံမှိတ်လျက် အုတ်ချပ်များ လှပ်ထားသော အပေါက်

ထဲမှ အခန်းတွင်းသို့ မြွေတစ်ကောင်လို လျှောတိုက် ဝင်လိုက်သည် ။

အထဲရောက်ပြီ ..။

မြေအောက်သင်္ချိုင်း ..။

အခေါင်းထားရာ အခန်း ..။

ချောက်ချားစိတ်ဖြင့် သူ မျက်လုံးကို ပြူးဖြဲ ကြည့်လိုက်သည် ။

တောက်ပခမ်းနားသော အနက်ရောင် ဖိတ်ဖိတ်လက်နေသည့် အခေါင်းတစ်ခု။

ဒါ ရောဘတ်ဘစိန်ရဲ့ အခေါင်းပေါ့ ..။ အတွေးနှင့်အတူ သူ့ကျောရိုး တစ်လျှောက် ကြက်သီးများ တစိမ့်စိမ့် စုန်ဆန်ထသွားသည် ။

သည် အခေါင်းထဲမှာ လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ခန့်က သေဆုံး ပြီး မြှုပ်နှံခဲ့သည့် ရောဘတ်ဘစိန်ဆိုသော ကပြားလူမျိုး တစ်ယောက်ရဲ့ ရုပ်အလောင်း ရှိနေပေမည်။

ပြီးတော့ .. အဘိုး ပြောခဲ့တဲ့ စကားအတိုင်းဆို ရောဘတ်ဘစိန်ရဲ့ အ လောင်းနှင့်အတူ ရှိနေမှာ က သူပိုင်ဆိုင်သော ကျောက်မျက်ရတနာ များ စွာ ..။

သူ့သွေးများ ဆူပွက်သွားသည် ။

လောဘစိတ်က ချောက်ချားမှုကို အနိုင်ယူလိုက် နိုင်ပြီတည်း။

သူ အနက်ရောင် အခေါင်းဆီ ပြေးသွားကာ အဖုံးကို တူရွင်းဖြင့် မြန် ဆန်စွာ ထိုးကလော် ဖွင့်လိုက်သည် ။

‘ဂျလိ .. ဂျွတ် ..’

အခေါင်းဖုံး တစ်ဝက်ခန့် ဟသွားလျှင် ..

မီးရောင်အောက်မှာ သူ မြင်လိုက်ရသည် က ..

ထိတ်လန့် ချောက်ချားဖွယ်ရာ အရိုးစုတစ်ခု။

ဒါ .. ဒါ ရောဘတ်ဘစိန်ရဲ့ အရိုးစုပေါ့ ..။

သူ ကြောက်စိတ်ကို အတင်း ဖယ်ထုတ်ကာ .. ကိုယ့်ကိုယ်ကို အားပေးသည့် သဘောဖြင့် အရိုးစုကြီးကို ခပ်သောသော နှုတ်ဆက်လိုက်သည် ။

"ဟဲလို .. မစ္စတာ ရောဘတ်၊ တစ်ယောက်ထဲ ပျင်းနေပြီလား"

သူ အခေါင်းကြီး နံဘေး ထိုင်ချလိုက်ပြီး မီးအိမ်ကို မြှောက်ကိုင်လိုက်လျှင် မစ္စတာရောဘတ်၏ လက်သူကြွယ်တွင် ဝတ်ထားသော လက်စွပ်ဆီမှ လက်ခနဲ။

"အား .. စိန် .. စိန်လက်စွပ် ကြီးပါလား၊ အားပါးပါး .. အံ့မောင် .. မင်းတော့ ထောပြီ ..၊ ဒီလက်စွပ် တစ်ကွင်းနဲ့ တင် မင်း ဘာအလုပ်မှ မလုပ်ဘဲ ထိုင်စားလို့ ရပြီကွ၊ အရက်ကို ကြိုက်တဲ့ ဟိုတယ် တက်သောက်လို့ ရပြီ၊ ဟား .. ဟား .. ဟား"

အံ့မောင် အရူးတစ်ယောက်လို သွေးရူးသွေးတန်း ပြောရင်း အခေါင်းထဲ လက်သွင်းကာ .. အရိုးစုရဲ့ တံတောင်ဆစ်ကို ဆတ်ခနဲ ဆွဲဖြုတ်လိုက်သည် ။

"ဂျွတ် .."

ဆွေးမြည့်နေပြီဖြစ်သော အရိုး ပြိုင်းပြိုင်းကျ တံတောင်ဆစ်မှာ အံ့မောင်လက်ထဲ လွယ်လင့်တကူ ပါလာသည် ။

အံ့မောင် စိန်လက်စွပ်ကို အမြန်ချွတ်ကာ သူ့လက်သူကြွယ်၌ ဝတ်

ကြည့်လိုက်သည်။

"အဟား .. အတော်ပဲ၊ ဟား .. ဟား .. သူဌေးကြီး ဦးအံ့မောင် ဖြစ်ပြီ ဟေ့၊ ဟား .. ဟား .. ဟဲလို မစ္စတာ ရောဘတ်၊ ခင်ဗျားမှ ဒီလက်စွပ်ကို မ ဝတ်နိုင်တော့ဘဲဗျာ ကျွန်တော့်ကို လှူလိုက်တော့ ဟုတ်ပြီလား၊ သာဓု .. သာဓု .."

ထပ်ရှာ ကြည့်လိုက်တော့ အလောင်းရဲ့ ဘေးမှာ ရတနာတွေ အမြောက်အမြား ..

အံ့မောင် တစ်ယောက် မမြင်ဖူးသော ရတနာများကို အစုလိုက် အပုံ လိုက် မြောက်မြားစွာ တွေ့လိုက်ရသည် မို့ .. သွေးပျက်သွားသလို တဟီး ဟီး တဟားဟား ဖြစ်ကာ ဗလွတ်ရွတ်တွတွေ ရေရွတ်နေတော့သည်။

"ကဲပါဗျာ .. လှူလက်စနဲ့ မထူးတော့ပါဘူး၊ ခင်ဗျား ဘေးက ပစ္စည်း လေးတွေ အားလုံးကိုပါ လှူလိုက်ပါတော့၊ ဟား .. ဟား .. ဟား"

တစ်ယောက်ထဲ တဟားဟား အော်ရယ်ရင်းက လက်နှစ်ဖက်လုံးကို အခေါင်းထဲ အားရပါးရ ထိုးသွင်းကာ ရတနာပစ္စည်းများကို ကျုံးယူရန် ပြင်လိုက်စဉ် ..

ရုတ်တရက် ..

"ကျွီ .."

အခေါင်း အဖုံးမှာ ထပ်ခနဲ ပြန်စေ့ပိတ်သွားကာ ..

"အား .."

သွေးပျက်မတတ် နာကျင်လွန်းသော ခံစားချက်ကြောင့် .. အံ့မောင် ကိုယ့်လက်ကိုယ် တုန်လှုပ် ထိတ်လန့်စွာ ငုံ့ကြည့်လိုက်လျှင် ..

လက်စွပ် ဝတ်ထားသော ဘယ်ဘက်လက်မှာ လက်ကောက်ဝတ် ဆီကနေ ပြတ်ကျကာ အကြောများ တွဲကျလျက် ..

သွေးရဲရဲ သံရဲရဲ ဖြစ်နေသော သူ့လက်ကောက်ဝတ်ကို ကြည့်ကာ အံ့မောင်တစ်ယောက် သွေးပျက် ချောက်ချားနေမိသည်။

**"သူတို့ ဟာ ရတနာပစ္စည်းတွေကို ဘာကြောင့် အလောင်းနဲ့ အတူ ထည့်မြှုပ်ကြသလဲ ဆိုတော့ သူတို့ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို တခြားသူတွေ မရစေချင်လို့ ဘဲ၊ တကယ်လို့ သူတို့ သင်္ချိုင်းကို ခိုးဝင်ပြီး သူတို့ ပစ္စည်းတွေ ယူလိုက်တာနဲ့ အဲဒီလူကို ချက်ချင်း ဒုက္ခပေးတော့တာပဲ၊ အဲဒီလူဟာ အန္တရာယ်နဲ့ အကြီးအကျယ် ရင်ဆိုင်ရပြီသာမှတ်"**

အဘိုးဖြစ်သူရဲ့ သတိပေး စကားက အန္တရာယ် အချက်ပေးသလို နားထဲ ကြားယောင်သည်။

**"အဆိုးရွားဆုံးက သူတို့ တွေဟာ ရတနာပစ္စည်းတွေ အတွက် ကျိန်စာတွေ တိုက်ခဲ့ကြတယ်"**

ကျိန်စာ ..။

အံ့မောင် နားထဲ ကျိန်စာဆိုသော စကားက မကောင်းဆိုးဝါး တစ်ကောင်ရဲ့ အသံလို အူထွက်သွားသည်။

"အဲဒီ ကျိန်စာအရ ကိုယ့်ရဲ့ အပြုအမူအတိုင်း ထိုက်တန်တဲ့ လျော်ကြေး ပြန်ပေးရတယ်"

အံ့မောင် အကြောကြီးများ တွဲလောင်းကျကာ သွေးမည်းမည်းကြီးများ အဆက်မပြတ် ယိုစီးကျနေသော လက်ပြတ်ကြီးကို ငုံ့ကြည့်လိုက်မိသည်။

ဒါဟာ ကျိန်စာ သင့်တာလား ..။

ထိုက်တန်တဲ့ လျော်ကြေးလား ..။

မစ္စတာ ရောဘတ်ဟာ သူ့လက်ဖျံရိုး ကျိုးသွားရသလို သူ့ရဲ့ လက်ကို ရော ပြန်ပြတ်စေတာလား။

အံ့မောင် တအားအား အော်ရင်း .. သူ့လက်ပြတ်ကြီးကို ကြောက်မက်စွာ မျက်လုံးပြူးကြီးနှင့် ကြည့်နေသည် ။

အခေါင်းဖုံး ပိနေသော ကျန်လက်တစ်ဖက် ကလည်း မခံမရပ်နိုင် အောင် နာကျင်လို့ နေပြီ။

သူ လက်ကို ဆွဲထုတ်ရန် ခဲရာခဲဆစ် ကြိုးစားသည် ။

မြဲမြဲလေးလံလှသော အခေါင်းဖုံးရဲ့ ဖိအားကို သူ မဆန့်ကျင်နိုင် ..။ သူ့အရိုးတွေ ကြေမွတော့မလို သွေးပျက်မတတ် နာကျင်လာသည် ။ ထို အခိုက် ..

ချပ်ခနဲ အသံ ကြားလိုက်ရသည် မို့ လှည့်ကြည့်လိုက်ရာ ..

အုတ်ချပ်တစ်ချပ်မှာ နံရံဆီ အလိုအလျောက် ပြန်ထောင်ပြီး ကပ်သွား တာ တွေ့လိုက်ရသည် ။

ကြောက်စိတ်က သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ ဗလောင်ဆူဝေ သွားရ သည် ။

ဟင့်အင်း .. ဟင့်အင်း ..။

ဒီလို မဖြစ်ရဘူး ..။

သူ့အော်ဟစ် တားမြစ်သံက လည်ချောင်းထဲမှ မထွက်။

သူ ကြောက်လန့်တကြား ကြည့်နေမိရင်းမှ ..

အုတ်ချပ်တွေမှာ တစ်ချပ်ပြီးတစ်ချပ် နံရံဆီ ပြန်စီကပ်ရင်းက

နောက်ဆုံးမှာ အပေါက် ပြန်ပိတ်သွားခဲ့လေပြီ။

"ကျွန်တော် မလုပ်တော့ပါဘူး၊ ကျွန်တော့်ကို ပြန်လွှတ်ပေးကြပါ .. ပြန်ခွင့်ပေးကြပါ၊ အား .. မယူတော့ပါဘူး ပြန်လွှတ်ပေးပါ"

အံ့မောင်၏ သွေးပျက်မတတ် မချိမဆန့် အော်ဟစ် တောင်းပန်နေသံကို ဘယ်သူမှ မကြားနိုင် ..။

ထို့နောက်မှာ တော့ ..

တဟင်းဟင်း ညည်းတွားသံများ ကြားမှ အံ့မောင်၏ အသံမှာ တစ်စထက် တစ်စ တိမ်မြုပ် ပျောက်ကွယ် သွားတော့သည် ။

*****